# Smartphone တိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ app ၃၉ မျိုး

ဖျော်ဖြေရေးနဲ့ game တွေကစလို့ traffic အကြောင်းနဲ့ သတင်းတွေအထိ ကိုယ့်ရဲ့ phone ကနေ ရယူသုံးစွဲနိုင်ဖို့ တင်ပြပေးချင်ပါတယ်။




ကိုယ်က Android ၊ BlackBerry ၊ iPhone ဒါမှမဟုတ် Windows Phone 7



ဘယ် smartphone ကို သုံးနေတာပဲဖြစ်ပါစေ အဲဒါက သိပ်ကိစ္စမရှိပါဘူး။



နောက်ဆုံးပေါ် brand-new smartphone ရှာဖို့ ဈေးကွက်မှာ ရောက်နေတယ်ဆိုရင်၊ ဒါမှမဟုတ် လက်ရှိ phone ကိုပဲ ပြည့်စုံအောင်လုပ်ချင်တယ်ဆိုရင်တော့ တကယ်ကောင်းတဲ့ app တွေရှာဖို့က အဓိကပါပဲ။ ဈေးကွက်မှာ ရနိုင်တဲ့ app တွေက စိတ်ချလောက်စရာ သိပ်မရှိပေမယ့် အခု ဖော်ပြထားတဲ့ app တွေကတော့ လုပ်ငန်းစဖို့ အဆင်ပြေတာ ထက်တောင်မှ ပိုပါတယ်။ ဒီ app တွေဟာ smartphone ရဲ့ function ပိုင်း ပိုမိုကျယ်ပြန့်လာပြီး အလုပ်တွေကို မြန်ဆန်၊ လွယ်ကူ၊ စိတ်ချစွာ လုပ်နိုင်လာဖို့ တကယ့်ကို ကောင်းမွန်ပါတယ်။

*key:*

**Android (Google)**
**BlackBerry OS (RIM)**
**iOS (Apple)**
**Windows Phone 7 (Microsoft)**

# ပေါင်းသင်းဆက်ဆံရေး

## Beluga

အသုံးပြုရလွယ်ကူတဲ့ Beluga group text ဝန်ဆောင်မှုဟာ သူငယ်ချင်းအချင်းချင်းကြား အပြန်အလှန်စကားပြောဆိုမှု၊ အစီအစဉ်တစ်ခုခုမှာ အတူပူးပေါင်းလုပ်ဆောင်မှုနဲ့ သူတို့ရဲ့ တည်နေရာကို မြေပုံမှာ update လုပ်ဖို့တွေကို ကူညီနိုင်ပါတယ်။ Beluga ဟာ နေရာအသစ်တစ်ခုမှာ အုပ်စုတစ်ခုပြုလုပ်ဖို့ သင့်တော်တဲ့ app တစ်ခုပါပဲ။

## Imo Chat

သူငယ်ချင်းတွေအများကြီးရှိပြီး အားလုံးက မတူညီတဲ့ instant messaging service ကို အသုံးပြုကြလို့ စိတ်ပျက်မနေပါနဲ့။ Imo Chat က နာမည်ကျော် instant messenger တွေအားလုံးကို တစ်ချိန်တည်းမှာ sign-in လုပ်စေနိုင်မှာ ဖြစ်ပါတယ်။

## Social Lookout

စီးပွားရေးလုပ်ငန်းတစ်ခုစဖို့ ခေါင်းစဉ်တစ်ခုကို ခြေရာခံလိုက်မယ်ဆိုရင် facebook ၊ twitter နဲ့ bing ၊ google news စတာတွေပေါ်မှာရှာတာက တစ်ဦးတစ်ယောက်ချင်းစီကို လိုက်မေးတာထက် ပိုပြီး အသုံးဝင်ပါတယ်။ ဒီ app ကို အသုံးပြုပြီး ကိုယ်လည်း သတင်းအချက်အလက်အတွက် list လုပ်နိုင်ပါတယ်။

## CrunchSMS

ဒီမှာက text messaging လုပ်တဲ့နေရာမှာ ဓာတ်ပုံ၊ လက်မှတ်တွေနဲ့ တခြား စိတ်ဝင်စားဖွယ်ရာလေးတွေကို ရောထည့် customize လုပ်နိုင်ပါတယ်။ ပျော်စရာကောင်းတဲ့ layer လေးထပ်ထည့်ပြီး message တွေကို chat bubble ပုံစံမျိုးလည်း လုပ်နိုင်ပါတယ်။

# လုပ်ငန်းဆောင်တာ

## Dropbox

ကိုယ့်ရဲ့ desktop မှာ Dropbox သုံးတယ်ဆိုရင် မတူညီတဲ့ system တွေမှာ file တွေ sync လုပ်ရတာ ဘယ်လောက်လွယ်မှန်း သိပြီးသား ဖြစ်မှာပါ။ Mobile device တွေအတွက်လည်း PC ကနေ phone ကိုအချက်အလက်တွေ လှမ်းသုံးမယ်ဆိုရင် PC မှာ handset ကို တပ်စရာ နေစရာမလိုဘဲ file တွေ လျှင်လျှင်မြန်မြန် ရွှေ့လို့ရစေပါတယ်။

## Bump

Smartphone တစ်ခုကနေ တခြားတစ်ခုဆီ Bump ကိုသုံးပြီး information ကို လွယ်လွယ်ကူကူပေးတာ ဖြစ်ပါတယ်။ ဒီ app run နေတဲ့ d evice ၂ ခုဟာ bump ဖြစ်နေတဲ့အခါမှာ တစ်ခုက iPhone ၊ နောက်တစ်ခုက Andriod-based handset ဖြစ်နေတယ်ဆိုရင်တောင်မှ data တွေကို transfer လုပ်နိုင်ပါတယ်။







Loopt (ဘယ်) က နေရာတစ်ခုရဲ့ အကြောင်းကိုနဲ့ ရှိပြီးသား အသုံးပြုသူတွေကို သက်ဆိုင်ရာသတင်း အချက်အလက်တွေ မေးနိုင်ပါတယ်။ Pulse (အောက်) ကို သုံးပြီး ကိုယ့်အနှစ်သက်ဆုံး သတင်းတွေကိုကြည့်နိုင်ပါတယ်။

## Gmote

ဒီ app ကတစ်ဆင့် ကိုယ့်ရဲ့ PC ၊ Mac ပေါ်က cursor ကို phone ရဲ့ touchscreen သုံးပြီးရွှေ့နိုင်ပါတယ်။ ဒါဟာ desktop နဲ့ laptop computer ကို ဖွင့်ဖို့၊ ပိတ်ဖို့အရေးပါတဲ့ နည်းလမ်းဖြစ်ပါတယ်။

## Springpad

Springpad နဲ့ to-do-list တွေ ဖန်တီးနိုင်ပါတယ်။ ကိုယ့်ရဲ့ productivity တိုးအောင် သတိပေးချက်တွေ ကိုယ့်ဘာသာ ထည့်နိုင်ပါတယ်။ ဒါ့ပြင်ထွက်ရှိပြီးသား စာအုပ်၊ ရုပ်ရှင်နဲ့ တခြား item တွေကိုလည်း bookmark လုပ်ထားနိုင်ပါတယ်။ iOS

## Torrent Buddy

နာမည်ကြီး uTorrent file-sharing client ကို ချိတ်ဆက်ထားပါတယ်။ လက်ရှိ download တွေနဲ့ upload တွေ အားလုံးအပေါ်မှာ real-time တိုးတက်မှုတွေကို သိနိုင်ပါတယ်။ အိမ်ရောက်တဲ့အခါမှာ content တွေ အဆင်သင့်ဖြစ်နေစေဖို့ Torrent download ကို remotely လုပ်နိုင်အောင် လုပ်ပေးထားပါတယ်။

# သတင်းနဲ့ အချက်အလက်များ

## Pulse

Best looking RSS reader တွေထဲက တစ်ခု ဖြစ်ပါတယ်။ Pulse က mobile reader တည်ဆောက်ဖို့မလိုဘဲ google reader feed တွေ import လုပ်နိုင်ပါတယ်။ Feed တွေကို အမျိုးအစားအလိုက် ခွဲခြားပြီး စိတ်ဝင်စားစရာကောင်းတဲ့ story တွေကို facebook ၊ ဒါမှမဟုတ် twitter ပေါ်ကို တင်နိုင်ပါတယ်။ iOS

## Snaptu

Fully customize လုပ်လို့ရတဲ့ RSS reader ဖြစ်ပြီး ပုံမှန် RSS feed တွေသာမက မိုးလေဝသခန့်မှန်းချက်တွေပါ ထည့်နိုင်ပါတယ်။

ဒီ app ကနေ မိတ်ဆွေတွေနဲ့ story တွေ shareဖို့ ကိုယ်နှစ်သက်တဲ့ social network တွေထဲကို sign in ဝင်နိုင်ပါတယ်။ RIM

## Flud

Flud နောက်ကွယ်က လူတွေဟာ ဒီ app ဟာ sexy news ecosystem ဆိုပြီး ပြောကြပါတယ်။ Feed တွေက ရိုးရှင်းပြီး သဘောကျစရာကောင်းပါတယ်။ Facebook ၊ ဒါမှမဟုတ် twitter ပေါ်မှာ သူငယ်ချင်းတွေနဲ့ story တွေ share လုပ်ရတာ ကောင်းပါတယ်။ iOS

## Taptu

Flud နဲ့ တော်တော်များများ တူပါတယ်။ Taptu က ခန့်

ညာ့းပြီး သုံးရလွယ်တဲ့ news reader တစ်ခု ဖြစ်ပါတယ်။ ဘယ် news item တွေဖတ်ရမလဲဆိုတာ ရွေးချယ်နိုင်ပြီး နောက်ပိုင်းမှာ ပြန်ဖတ်လို့ရအောင် စိတ်ဝင်စားစရာကောင်းတဲ့ story တွေကို mark လုပ်ထားနိုင်ပါတယ်။ Connection မကောင်းတဲ့ နေရာမျိုးမှာတောင် ဒီ app က ကောင်းကောင်းအလုပ်လုပ်တဲ့အတွက်ကြောင့် ကိုယ့်ရဲ့ new တွေ အမြဲတမ်း ရနေနိုင်ပါတယ်။ iOS

### Feedme

ဒီ အသုံးပြုရလွယ်ကူတဲ့ organizer လေးက News feed တွေအကုန်လုံးကို သပ်ရပ်အောင် group တွေအဖြစ် စီပေးပါတယ်။ Pulse နဲ့ဆိုရင် google reader ကနေ feed တွေအားလုံးကို import လုပ်နိုင်ပါတယ်။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ link တွေအားလုံးကို reinput လုပ်စရာမလိုတော့ပါဘူး။







အပြင်ထွက်မယ်လို့ စဉ်းစားတဲ့အခါ ရာသီဥတု အခြေအနေကို Weather Channel app (အပေါ်) နဲ့ စစ်ဆေးကြည့်ပါ။ စီးပွားရေးလုပ်ငန်းတွေအကြောင်းကို Poynt (ညာ) နဲ့ ဆွေးနွေးနိုင်ပါတယ်။

## ဓာတ်ပုံနဲ့ video

### Instagram

တစ်ပိုင်းက photo editor ၊ တစ်ပိုင်းက social network ဖြစ်ပါတယ်။ Filter တွေ ထည့်လို့ရပါတယ်။ ပုံမှာ အရောင်တွေ ခြယ်နိုင်ပါတယ်။ Instagram feed ကိုလည်း check လုပ်နိုင်ပြီး ကိုယ့်သူငယ်ချင်းတွေရဲ့ပုံတွေကိုလည်း ကြည့်နိုင်ပါတယ်။ iOS

### Viddy

MacWorld က Viddy ကို Instragram for video လို့ ခေါ်ပါတယ်။ iPhone မှာရိုက်ထားတဲ့ video ကို filter တွေ၊ effect တွေ ထည့်နိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တခြား Viddy user တွေနဲ့ ချိတ်ဆက်နိုင်မှုနဲ့ ဖန်တီးမှုတွေ ကြည့်ရှုနိုင်မှုဟာ အကောင်းဆုံး mobile video editing app ဖြစ်လာစေပါတယ်။ iOS

### PicSay Pro

Snap picture လေးတွေပဲသုံးရတာ ပျော်စရာ သိပ်မကောင်းပါဘူး။ ဒီ app လေးက ဓာတ်ပုံရိုက်ပြီးတော့ speech bubble လေးတွေ၊ swap head တွေနဲ့ filter effect တွေ ထည့်ပေါင်း သုံးနိုင်စေပါတယ်။

### Thumba

Effect ၊ filter ၊ adjustment နဲ့ border တွေဆိုတဲ့ ဓာတ်ပုံ တွေအတွက် သာမန်ထက်ပိုတဲ့ option တွေ ဒီ app မှာ ရှိပါတယ်။ ဒါကြောင့် photo တွေပြင်ဆင်တာကနေစလို့ အနုပညာ ဖန်တီးမှုတွေပါ ဖြစ်လာပါတယ်။ iOS

### Popular Photo Tools

အကောင်းဆုံး BlackBerry photo editor ဖြစ်ပါတယ်။ လိုချင်သလိုပုံကို ဖြတ်ထုတ်တာ၊ အရွယ်အစားပြောင်းတာတွေ လုပ်နိုင်ပါတယ်။ ရိုးရှင်းတဲ့ interface ကြောင့် သင်ယူအသုံးပြုရတာ လွယ်ကူစေပါတယ်။ RIM

# မိုးလေဝသအခြေအနေ

## WeatherBug Elite

အပူချိန်၊ စိုထိုင်းစ၊ ဖိအား၊ လေတိုက်နှုန်း စတဲ့ အခြေအနေတွေအတွက် app ဖြစ်ပါတယ်။ Radar map တွေ၊ အသုံးပြုပုံတွေနဲ့ ခန့်မှန်း video တွေ ပါဝင်ပါတယ်။ RIM iOS

## Weather Channel

မိုးလေဝသ update တွေမှာ အယုံကြည်ရဆုံး နာမည်တစ်ခုဖြစ်ပြီး သုံးရလွယ်တဲ့ app ပါ။ မိုးလေဝသသတင်းတွေက အချိန်တိုင်း refresh ဖြစ်ပြီး သတိပေးချက်တွေက မှန်တိုင်းဖြစ်တော့မယ်ဆိုရင် ကျော်လွှားနိုင်အောင် အကူအညီရပါတယ်။ RIM iOS

## AccuWeather

Weather Channel app နဲ့ မတူတာက AccuWeather ဟာ မိုးလေဝသအချက်အလက်တွေကို update သိဖို့ screen ကို manual refresh လုပ်ရတာပဲဖြစ်ပါတယ်။ မြေပုံမှာရှိတဲ့ နေရာတစ်ခုကို ခန့်မှန်းဖို့ GPS feature လည်း ပါဝင်တာကို တွေ့ရပါတယ်။ ခရီးသွားတဲ့အခါမှာ လက်တွေ့အသုံးဝင်ပါတယ်။ RIM iOS

## MyRadar Pro

၁၀ မိနစ် interval နဲ့ weather pattern တွေ ပြပေးပါတယ်။ ဒါကြောင့် system ဘယ်လောက်မြန်မြန်သွားနေတယ်ဆိုတာ သိနိုင်ပါတယ်။ Outdoor တွေအတွက်၊ meteorologist တွေအတွက် အသုံးဝင်ပါတယ်။ iOS

# ခရီးလမ်းကြောင်း

## Poynt

မြို့တစ်မြို့ကိုရောက်သွားပြီး ရှာဖွေနေတယ်ဆိုရင် ကိုယ့်နေရာရဲ့အနီးအနားမှာ ဘာတွေရှိလဲဆိုတာ သိချင်တယ်ဆိုရင် Poynt ကတော့ ပြည့်စုံတဲ့ app ဖြစ်ပါတယ်။

အနီးအနားမှာရှိ တဲ့လုပ်ငန်းတွေ၊ စားသောက်ဆိုင်တွေ၊ gas station တွေ၊ လူတွေ၊ event တွေတောင် ရှာဖွေနိုင်ပါတယ်။ App ကနေ လက်ရှိရောက်နေတဲ့နေရာနဲ့ ပတ်သက်တဲ့ အခြေခံမိုးလေဝသဆိုင်ရာ သတင်းတွေကိုလည်း ပေးနိုင်ပါတယ်။ RIM iOS

## Waze

မီးပွိုင့်မိတဲ့အထဲ ကိုယ်ပါရောပါနေတာ စိတ်ညစ်စရာပါပဲ။ အကူအညီရအောင် waze ကိုသာဖွင့်လိုက်ပါ။ မီးပွိုင့်မှာမိနေသေးလားဆိုပြီး အလွယ်တကူ သိနိုင်ပါတယ်။ ဖြစ်နိုင်ရင် လမ်းကြောင်း app ကနေ လမ်းကြောင်းပြောင်းပေးနိုင်ပါတယ်။ မြေပုံကတော့ real-time update ဖြစ်တဲ့အတွက်ကြောင့် traffic jam တွေကို တွေ့နိုင်ပါတယ်။ကိုယ့် phone ရဲ့ GPS ကို သုံးထားတဲ့အတွက်ကြောင့်လည်း battery level ကို သိနိုင်ပါတယ်။ RIM iOS

## UrbanSpoon

အကျွမ်းတဝင်မရှိတဲ့ မြို့တစ်မြို့ကိုသွားလည်ပြီး ဘာစားရမှန်းမသိပါဘူး။ UrbanSpoon ရဲ့ slot machine ကို သေးလိုက်ပါ။ ကိုယ့်အတွက် နေရာတစ်ခု ရွေးချယ်ပေးပါလိမ့်မယ်။ ကိုယ်စားချင်တဲ့နေရာကို သိပြီဆိုရင် app ကတစ်ဆင့် ကြိုတင်မှာထားပြီး စားသောက်ဆိုင်ရဲ့ လမ်းညွှန်မှုတွေကို ရယူပါ။ RIM iOS

## Hipmunk

iPhone ကနေ လေယာဉ်လက်မှတ်တွေ ရှာဖွေနိုင်ဖို့ ဈေးသက်သာတဲ့ app ရှိပါတယ်။ များပြားလှတဲ့ airline တွေကနေ ဈေးနှုန်းတွေနှိုင်းယှဉ်ရာမှာ အကူအညီပေးပါတယ်။ Graph နဲ့ပြထားတဲ့ flight timeline တွေက ဈေးနှုန်း သာမက အဆင်မပြေတဲ့အချိန်တွေကိုပါ ပြသပေးပါတယ်။ iOS

## GPS Trade Recorder

ကိုယ့် phone ရဲ့ GPS နဲ့ location ၊ speed ၊ attitude ၊ distance ၊ orientation စတာတွေကို access လုပ်နိုင်တဲ့ GPS Track Recorder ကို သုံးရင် ဘယ်တော့မှ လမ်းပျောက်မှာ မဟုတ်ပါဘူး။ Graph သေးသေးလေးကနေ အချက်အလက်တွေ ပြပေးထားပါတယ်။

# လုံခြုံရေးပိုင်း

## Find My iPhone

Apple ရဲ့ iPhone ၊ iPod ၊ iPad user တွေအတွက် အသုံးဝင်တဲ့ app တစ်ခု ဖြစ်ပါတယ်။ ပျောက်သွားတဲ့၊ ဒါမှ

မဟုတ် အခိုးခံရတဲ့ handset ကို အလွယ်တကူ ခြေရာခံနိုင်ပါတယ်။ Find My iPhone က မြေပုံ ပေါ်မှာ device ရဲ့ တည်နေရာကို ခန့်မှန်းပြသပါတယ်။ iOS

## Lookout Mobile Security

Phone အတွက် anti-virus software ထက် ပိုပါတယ်။ ကိုယ့်ရဲ့ device တွေကို server တွေမှာ back up လုပ်ခွင့်ပေးထားပြီး ပျောက်ဆုံးနေတဲ့ phone ရဲ့ တည်နေရာကို သိဖို့လည်း သုံးနိုင်ပါတယ်။ Phone မှာ install လုပ်ထားတဲ့ app တွေကို scan လုပ်ကြည့်ပြီး threat အသစ်တွေကို block လုပ်နိုင်စေဖို့ ကိုယ်တိုင် update လုပ်ပြီး malware တွေရဲ့ရန်ကနေ phone ကို ကာကွယ်နိုင်ပါတယ်။




BlackBerry Protect (ဘယ်) နဲ့ဆိုရင် ပျောက်သွားတဲ့ ကိုယ့် phone ထဲက data တွေကို ဖျက်ပစ်နိုင် back up လုပ်နိုင်ပါတယ်။ အားကစားပွဲတွေကို ကြိုက်တဲ့သူတစ်ယောက် ဖြစ်ကာ ကိုယ့် TV provider ကလည်း အဲဒီ app တွေကို ခွင့်ပေးထားတယ်ဆိုရင် ESPN video streaming (အောက်)က ကိုယ့် စိတ်ကြိုက်ပွဲစဉ်တွေကို တာဝန်ယူပေးပါလိမ့်မယ်။




## BlackBerry Protect

ဒီ utility ကတော့ phone ရဲ့ data တွေကို cloud မှာ backup လုပ်ပြီး copy ပွားထားပါတယ်။ Phone ပျောက်တယ်ဆိုရင်လည်း ကိုယ့် PC ကနေ handset ကို remotely lock လုပ်နိုင်ပါတယ်။

အဲဒီနောက် မြေပုံပေါ်မှာ ပျောက်သွားတဲ့ device အတွက် တည်နေရာပြပေးနိုင်ပါတယ်။ တစ်နေရာမှာ အထားမှားတာလားဆိုတာ သိရဖို့ phone ကို volume အပြည့် remotely အသံမြည်အောင်လုပ်နိုင်ပါတယ်။ RIM

## SuperPassword

ဒီ password management app နဲ့ high level encryption အောက်မှာ ကိုယ့် mobile device တွေရဲ့ လိုအပ်တဲ့ password တွေအားလုံးကို သိမ်းထားနိုင်ပါတယ်။ ဒါကြောင့် phone ပျောက်ပြီဆိုရင် အရင်က အချက်အလက်တွေအားလုံးကို အနည်းဆုံးတော့ တစ်ယောက်ယောက်ကမှ ယူသုံးလို့ရမှာ မဟုတ်ပါဘူး။

# ဖျော်ဖြေရေး

## Words With Friends

Scrabble စကားလုံးဆက်တဲ့ကစားနည်း ဖြစ်ပါတယ်။ ဒီ game မှာ word တွေကို point ရအောင်ဖန်တီးပြီး ကိုယ့်မှာ စကားလုံးတွေ အများကြီးရှိတာကိုသိဖို့ သူငယ်ချင်းကို စိန်ခေါ်ပြီး ကစားကြပါတယ်။ iOS

## WatchESPN

Sport ဝါသနာအိုးတွေက game ကိုလည်း အလွတ်မခံ

ကြပါဘူး။ ESPN ရဲ့ live video-streaming app ကို accessလုပ်နိုင်ဖို့ TV provider ကို စစ်ပါ။ Game ကိုစတင်ပါ။ iOS

## Netflix

အခုအခါမှာ David Bowie ရဲ့ Labyrinth ကို ဘတ်စ်ကားပေါ်မှာ၊ လေဆိပ်မှာ၊ ဘယ်နေရာမှာမဆို ထပ်ခါထပ်ခါ ကြည့်နိုင်ပါပြီ။ Streaming လုပ်ဖို့ Andriod version တစ်ခုတည်းပဲ ရွေးချယ်နိုင်ပါတယ်။ iOS

## Hulu Plus

Netflix က king of movie ဖြစ်ပေမယ့် လက်ရှိ TV show တွေကိုတော့ Hulu က အုပ်ချုပ်ပါတယ်။ Hulu Plus နဲ့ တစ်နှစ်ပတ်လုံးစာပွဲတွေကို ပြန်ကြည့်နိုင်ပါတယ်။ iOS

## Pandora

Internet radio တွေပေါ်လာတဲ့အခါမှာ Pandora က ခေါင်းဆောင်ပါပဲ။ ဒီ app မှာ ကိုယ့်စိတ်ကြိုက် အနုပညာရှင်ရဲ့ သီချင်းတွေ အခြေခံထားတဲ့ radio station တွေဖန်တီးပြီး သီချင်းအသစ်ကို ရှာဖွေနိုင်ပါတယ်။ ရွေးလိုက်တဲ့သီချင်းကို thumbs-up ၊ thumbs-down ကနေ လှေ့လာပြီး ရယူနိုင်ပါတယ်။ RIM iOS

## Google Music

Google Music service အသစ်က beta အဆင့်ပဲ ရှိပါတယ်။ ဒါပေမဲ့ Andriod phone ပေါ်မှာ music အားလုံး အလွယ်ကူဆုံး ရနိုင်ပါတယ်။ Google ရဲ့ cloud storage မှာလည်း ကိုယ့်ရဲ့ music file တွေနဲ့ playlist တွေအားလုံးကို upload တင်နိုင်ပါတယ်။

Andriod အတွက် Google Music app နဲ့ဆိုရင် သိမ်းထားတဲ့ music တွေအားလုံး handset ထဲကို တိုက်ရိုက် သွင်းနိုင်ပါတယ်။ သီချင်းတွေ တော်တော်များများ phone ထဲကို သွင်းမယ်ဆိုရင် phone က လေးသွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီအစား Wi-Fi connection ကိုသုံးပါ။

## Shazam

သီချင်းတစ်ပုဒ်ကြားပြီး အဲဒီအနုပညာရှင် ဘယ်သူလဲဆိုတာ သိချင်တဲ့အခါမှာ Shazam ကိုသုံးကြည့်တာက အချိန်ချွေတာရာရောက်စေပါတယ်။ သီချင်းတစ်ပုဒ်ကို တစ်မိနစ်လောက် နားထောင်ပြီး အံ့သြစရာကောင်းလောက်အောင် တိကျတဲ့ result တွေကို ထုတ်ပေးပါလိမ့်မယ်။ ဂီတနဲ့ ပတ်သက်ပြီး သိပ်မသိရင်တောင်မှ ကောင်းကောင်းအလုပ်လုပ်ပေးပါတယ်။ RIM iOS

စောကလျာအေး (UCSY)

# ဘာမှ တာဝန်မယူနိုင်ပါဘူး

Internet က service တစ်ခုခုကို register ဝင်တာပဲဖြစ်ဖြစ်၊ app တစ်ခုခုကို ဝယ်သုံးတာပဲဖြစ်ဖြစ် သူ့ရဲ့ terms & conditions တွေကို အစကနေအဆုံး ဖတ်တဲ့သူ မရှိသလောက် ပါပဲ။ ဥပမာပေးရရင် gmail သုံးတဲ့သူ ဘယ်နှယောက်လောက်ကများ account ဖွင့်တုန်းက သူ့ရဲ့ policy တွေကို အစကနေ အဆုံးထိ ဖတ်ဖူးမယ်လို့ ထင်ပါသလဲ။


Please read the following License Agreement. You must accept the terms of this agreement before continuing with the installation.

FreeCell Plus
Copyright (C) 2010 Goodeal Development Inc.
All Rights Reserved

- LICENSE AGREEMENT -

You are hereby licensed to have fun!

WARNING: FreeCell Plus may be addictive. We are not responsible for lost productivity, neglected spouses, children, or pets. We are not responsible for lost sleep because you stay up to play "just one more game".

သတိပေးချက် ၊ FreeCell Plus က အစွဲအလမ်းဖြစ်စေတတ်တစ်ခု ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ သူ့ကိုအသုံးပြုပြီးတော့မှ အလုပ်လုပ်မှုနှုန်း ကျဆင်းတာ၊ မိသားစုနှင့် ဒါမှမဟုတ် ဇနီးသည်နဲ့ ကလေးတွေ အိမ်မွေးတိရစ္ဆာန်တွေကို ပစ်ပယ်ထားမိတာတွေ ဖြစ်ရင်တော့ တာဝန်မယူနိုင်ပါဘူး။ နောက်ထပ် တစ်ခေါက်လောက်ပဲ ထပ်ကစားတော့မယ်လေဆိုပြီး ညတိုင်း လုပ်လုပ်နေလို့ အိပ်ရေးပျက်ရတဲ့ ညတွေကိုလည်း တာဝန်မယူနိုင်ပါဘူး။

သေချာတာကတော့ ဘယ်သူကမှ end-user license agreement တွေကို မဖတ်ဘူးဆိုတာပါပဲ။ ဒါပေမဲ့ PCWorld စာဖတ်သူတစ်ယောက်ကတော့ ဖတ်ခဲ့ပါတယ်။ သူက သတိပေး ခံလိုက်ရပေမယ့်လည်း FreeCell Plus ကို download တော့ လုပ်လိုက်ပါတယ်။